## မင်းဘူးမြို့၌ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ

## အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲပြုလုပ်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားရေးအင်အားစုများမှ ပြည်သူလူထုသို့ တွေ့ဆုံရှင်းလင်းပွဲကို(၂၀–၆–၂၀၀၇)ရက်နေ့ နံနက်(၈)နာရီက မကွေးတိုင်း၊ မင်းဘူးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

တွေ့ဆုံရှင်းလင်းပွဲတွင် တက်ရောက်လာကြသော ပြည်သူလူထုကို ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ၏ စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေး၊ အမျိုးသားလှုပ်ရှားမှု(၂၀၀၇)နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။ တွေ့ဆုံရှင်းလင်းပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားရေးအင်အားစုများ၊ စာနယ်ဇင်းဆရာ/ဆရာမများ၊ စိတ်ပါဝင်စားသောပြည်သူလူထုများ တက်ရောက်ခဲ့ကြသည်။ ရှင်းလင်းပွဲအပြီးတွင် အမျိုးသားနိုင်ငံရေးအင်အားစုများက ပြည်သူလူထုနှင့် စာနယ်ဇင်းဆရာ/ဆရာမများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။